စိတ်ကူးချိုချိုအနုပညာ

# ပညာ၏အစွမ်း
## နှင့်
## အခြားပုံပြင်များ

တက္ကသိုလ်ရွှေရိဝင်း



ကလေးလူငယ်များအတွက်
အခြေခံသိမှတ်ဖွယ်ရာ အချက်များကို
ပုံပြင်များဖြင့် စိတ်ဝင်စားဖွယ်
တင်ဆက်ပေးထားပါသည်။



SYW0017

1,500.00 KS

mgyoe.com

ပညာ၏အစွမ်းနှင့်အခြားပုံပြင်များ။ တက္ကသိုလ်ရွှေရိဝင်း
မျက်နှာဖုံးပန်းချီ - ဗိုသံ၊ အတွင်းပန်းချီ - ထက်မိုး
စာမျက်နှာ ၈၃ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပညာ၏အစွမ်းနှင့် အခြားပုံပြင်များ

တက္ကသိုလ်ရွှေရိဝင်း

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ပညာ၏အစွမ်း ၁

၂။ သူရဲကောင်း ဟာကြူလီ ၉

၃။ သူငယ်ချင်းသစ်များ ၁၇

၄။ ပုဂံသူရဲကောင်းများ ၂၅

၅။ လှည်းသမားလေး မောင်ညို ၃၄

၆။ ကေသီ ၄၁

၇။ သန်လျက်တော်သူခိုး ၅၀

၈။ ငှက်လိုပျံနိုင်သောလူ ၅၆

၉။ သူငယ်ချင်းနှစ်ယောက်ရှိလေသည် ၆၃

၁၀။ ကြယ်သီးတိုင်းပြည် ၇၀

၁၁။ ကြယ်တံခွန်ထဲမှ လွတ်မြောက်ခြင်း ၇၇



▢

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


# ပညာ၏အစွမ်း

လွန်လေပြီးသောအခါ ပန်းပဲပညာရှင်များသာ စုဝေးနေထိုင်သော ပန်းပဲရွာကြီးတစ်ရွာ ရှိလေသည်။ ထိုပန်းပဲရွာရှိ လူအများစုသည် ပေါက်တူး၊ ပုဆိန်၊ ထွန်ခြစ်၊ ဓား၊ ကွမ်း ညှပ်၊ ကတ်ကြေး၊ ထယ်သွား စသော သံထည်ပစ္စည်းများကို ပြုလုပ်ကြသည်။ ထိုအချိန်က လယ်ယာစိုက်ပျိုးခြင်းကို လုပ်ကိုင်ကြသောကြောင့် ရွာသူရွာသားများ အတွက် မရှိမဖြစ် လိုအပ်သောပစ္စည်းများကို ထုတ်လုပ်ပေးကြခြင်း ဖြစ်သည်။

ထိုပန်းပဲရွာကြီး၏ ရွာသူကြီးမှာ ချမ်းသာကြွယ်ဝသူ ဖြစ်သည်။ သူ့တွင် အလွန်ချောမောလှပ၍ သွက်လက်ချက်ချာသော သမီး တစ်ယောက်ရှိသည်။ သူကြီးသမီးလေး မာလာသည် အလှဂုဏ်ကြောင့် အမည်ကျော်ကြားလျက်ရှိသည်။ မာလာကို လာရောက် တောင်းခံသူများ ရှိသော်လည်း မာလာသည် မည်သူ၏ကမ်းလှမ်းချက်ကိုမှ လက်မခံဘဲ နေခဲ့သည်။ မာလာသည် သူမ၏ဖခင်နှင့် မိခင်ကို ပြုစုရင်း ပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်။

တစ်နေ့သောအခါ လုလင်ပျိုတစ်ယောက်သည် မာလာတို့

mgyoe.com

နေထိုင်သော ပန်းပဲရွာကြီးသို့ ရောက်လာသည်။ ထိုလုလင်ပျိုသည် ရွာကြီးရှိ လမ်းကြို လမ်းကြားများပါမကျန် တစ်လမ်းဝင်တစ်လမ်းထွက်၍ အပ်ရောင်းနေလေသည်။

လုလင်ပျိုသည် သူ၏အပ်အကြောင်းကို ဂုဏ်ဖော်ပြ၍ ပြောဆိုရောင်းခြင်းဖြစ်သည်။

"အပ်ဗျို့ ... အပ် ... အပ်။ အလွန်ချောမွေ့တဲ့အပ်၊ အလွန်ချွန်ထက်တဲ့အပ် ဖြစ်ပါ တယ်။ အပ်ရဲ့ နဖားပေါက်ကလည်း အလွန်ကောင်းပါတယ်ခင်ဗျာ။ အလွန်လည်း မာကျောတဲ့အပ် ဖြစ်ပါတယ်။ အင်မတန်ရှားပါးတဲ့အပ်ပါခင်ဗျာ။ ကြုံကြိုက်တုန်း ဝယ်ယူကြပါဗျို့"

ပန်းပဲရွာရှိလူများသည် သူတို့ကိုယ်တိုင် သံထည်များကို ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင် ကြသူများဖြစ်သဖြင့်၊ ယခုလို တစ်နယ်တကျေးက အပ်လာရောင်းသည်ကို စိတ်မဝင်စားကြပါ။ သို့သော် ရွာသူကြီး၏သမီး မာလာ၏နားထဲတွင် ထူးဆန်းနေသည်။ ထို့ကြောင့် အိမ်ပြတင်းပေါက်ကိုဖွင့်ပြီး အပ်ရောင်းသူကို လှမ်း၍ကြည့်လိုက်သည်။

မာလာ အပ်ရောင်းသူကို လှမ်းကြည့်သည့်အချိန်တွင်ပင် အပ်ရောင်းသူ လုလင်ကလည်း သူ့အပ်ကို ဝယ်မည်ထင်၍ လှမ်းကြည့်သည်နှင့် အကြည့်ချင်းဆုံသွားသည်။ မာလာမှာ ရောင်းသူကို အားနာသွားသည်။ ထို့ကြောင့် လှမ်း၍ စကားပြောလေသည်။

"ဒီမှာ ကိုအပ်သည်ကြီး၊ ဒီလို ပန်းပဲရွာကြီးမှာ ရှင် အပ်လာရောင်းလို့ ဘယ်သူဝယ်မှာလဲ။ တခြားရွာ သွားရောင်းရင် ကောင်းမယ်"

မာလာသည် မျက်နှာချင်းဆုံမိ၍ ယခုလို စကားလှမ်းပြောပြီး အပ်ရောင်းသူကို သေချာကြည့်လိုက်သည်။ ထိုအခါ သန်မာထွားကျိုင်းပြီး ယောကျ်ားပီသသော လုလင်ပျို၏ ပြန်၍ ကြည့်လိုက်သော အကြည့်ကြောင့် မျက်နှာတစ်ခုလုံး နီရဲသွားသည်။

mgyoe.com

လုလင်ပျိုက "ဒီလိုသံနဲ့ပတ်သက်တဲ့ ပညာရှင်တွေ၊ ပန်းပဲ ကျွမ်းကျင်တဲ့ပညာရှင်တွေ ရှိတဲ့အရပ်မို့လို့ တမင်တကာ ဒီရွာကြီးမှာ အပ်လာရောင်းတာပါ ညီမရယ်။ ညီမက နားမလည်ပေမဲ့ လူကြီးတွေကတော့ သိပါလိမ့်မယ်။ ညီမတို့အိမ်မှာ လူကြီးမရှိဘူးလား။" ဟု မေးလိုက်သည်။

သမီးလေးမာလာနှင့် အပ်ရောင်းသူတို့ အပြန်အလှန် ပြောဆိုနေသည်ကို ရွာသူကြီး ကြားသွားသည်။ ထို့ကြောင့် အပ်သည်ကို အိမ်တွင်းသို့ ခေါ်ယူစေသည်။

အိမ်ထဲသို့ရောက်သော် ပန်းပဲရွာတွင် အပ်လာရောင်းသော ထူးဆန်းသော လုလင်အား ကောင်းမွန်စွာ နေရာထိုင်ခင်း ပေးသည်။ ပြီးလျှင် သူရောင်းမည်ပြောသော အပ်ကို ပြစေသည်။

ထိုအခါ လုလင်က "ကျွန်တော် ရောင်းမယ့်အပ်ကို ဖြစ်နိုင်ရင် ရွာမှာရှိတဲ့ ပန်းပဲဆရာတွေရဲ့ ရှေ့မှာ ပြချင်ပါတယ်ခင်ဗျာ" ဟု ပြောသည်။

ရွာသူကြီးသည် မောင်းထု၍ ရွာရှိပန်းပဲဆရာများအား သူကြီး၏အိမ်သို့ ဆင့်ခေါ်သည်။ သူကြီး၏အိမ်သို့ လူများ စုဝေးရောက်ရှိသောအခါ တစ်ရွာတကျေးမှလာပြီးရောင်း သော အပ်ကိုပြလို၍ခေါ်ကြောင်း ပြောသည်။ ထိုအခါ ရွာသူရွာသားများမှာ ရွာလုံးကျွတ် အပ်ခေါ်၍ ပြရသည့်အဖြစ်ကို လှောင်ပြောင်ရယ်မောကြသည်။

လူစုံသောအခါ အပ်ရောင်းသူသည် သူ၏အိတ်ထဲမှ အဝတ်ထုပ်ကလေးကို ထုတ်ယူကာ အထပ်ထပ်ဖြေ၍ ရွာသားများရှေ့တွင် ရွာသူကြီးလက်ထဲသို့ ထည့်သည်။

ရွာသူကြီးသည် အပ်ကို သေချာစွာကြည့်ရှုပြီး ဈေးသည်အား မေးလိုက်သည်။

"သင်ရောင်းလိုတဲ့အပ်က ဒါလား။ အပ်နဖားရော ပါရဲ့လား"

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

"မဟုတ်ရပါ။ အပ်ဟာ ဒီအပ်ကျည်အိမ်ထဲမှာရှိကြောင်းပါ"

ရွှာသူကြီးသည် လုလင်၏စကားအဆုံးတွင် အပ်ကျည်ကို ဖွင့်လေသည်။ ရွာသူကြီးသည် အပ်ကို ထုတ်မရဖြစ်နေစဉ် ရောင်းသူလုလင်က ပြန်ယူပြီး လက်သည်းဖြင့် ကော်ကုတ်ထုတ်ပြသည်။

၎င်းနောက် သူ အပ်ကျည်မှထုတ်ယူသောအရာသည် အတွင်းကျည်အိမ်သာဖြစ်ကြောင်း ပြောဆိုသည်။ သူထုလုပ်သောအပ်သည် ကျည်အိမ်အားလုံး ခြောက်ထပ်အတွင်းတွင် ရှိကြောင်း ပြောသည်။ အပ်ကျည်တစ်ခုခြင်းကို ကော်ကုတ်ထုတ်ပြသည်။

ထိုအခါ လာရောက်ကြည့်ရှုကြသော ပရိသတ်မှာ ထူးခြားသော လက်ရာကို ရင်သပ်ရှုမော တအံ့တသြ ကြည့်ကြလေသည်။ ရွာသူကြီး သမီးမာလာမှာလည်း လုလင်၏ ပန်းပဲပညာစွမ်းကို သဘောကျလျက် ရှိသည်။

ရွာသူကြီးသည် အပ်ကို သေချာကိုင်တွယ်ကြည့်ပြီး "မင်းရဲ့အပ်ရဲ့ သေသပ်တာ၊ ချောမွတ်တာ၊ ချွန်ထက်တာတွေကတော့ ဟုတ်ပါပြီ။ ပိတ် ဘယ်နှထပ် သားရေဘယ်နှထပ် ထိုးဖောက်ပြီး ချုပ်နိုင်သလဲဆိုတာ ပြောပါဦးကွဲ့"ဟု ဆိုသည်။

ထိုအခါ အပ်ရောင်းသူလုလင်သည် သူ၏အပ်အစွမ်းကို ပြလို၍ ပန်းပဲသံပေကို လူနှစ်ယောက်က ရေအင်တုံပေါ်တွင် မထားစဉ် အပ်ကို သံပေပေါ်တွင်ထောင်၍ အသင့်ပါ လာသောတူဖြင့် ထုလေသည်။ ထိုအခါ အပ်သည် သံပေတုံးထဲသို့ ဝင်သွားသည်။ ထပ်၍ ထုလေရာ သံပေကိုဖောက်၍ အောက်သို့ ဖောက်ထွက်ပြီး ရေဇလုံထဲသို့ ကျသွားသည်။ သို့သော် အပ်သည် ရေအောက်သို့လည်း မြုပ်မသွားဘဲ ရေလယ်တွင်သာ ရှိနေသည်ကို တွေ့ရသည်။

ဝိုင်းကြည့်နေသော ပရိသတ်မှာ လုလင်၏ပညာကို အံ့သြကြပြီး

mgyoe.com

ချီးမွမ်းစကားများ ပြောဆိုကြသည်။ ရွာသူကြီးက အပ်ရောင်းသူ လုလင်အား မေးခွန်းထုတ်ပြန်သည်။

"မောင်ရင် ဒီအပ်ကို ဘယ်ကရတာလဲ"

"ကျွန်တော်ကိုယ်တိုင် ပြုလုပ်ထားတဲ့အပ် ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကိုယ်တိုင် မြေသံ၊ ရေသံ၊ ခြသံ၊ သံကျွတ်များ အချိုးကျရောစပ်ပြီး စနစ်တကျ ရေချမီးတိုက်ပြီး စိတ်ရှည်လက်ရှည် အချိန်ယူပြီး လုပ်ထားတာပါ။"

"ကောင်းပါပြီ၊ မောင်ရင်ဟာ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်မျိုး၊ ဘယ်နွယ်က လာရောင်းတာလဲဆိုတာ ပြောပါဦး"

"ရှေးရှေးတုန်းက အလွန်ကျော်ကြားတဲ့ သံသိုက်နန်းရွာက ဘိုးသက်ရှည်နဲ့ ဘွားဒွေးကြွယ်တို့ရဲ့မြစ် ဖြစ်ပါတယ်။ အခုအခါမှာတော့ အဲဒီရွာဟာ ရွာသိမ်ရွာငယ် ဖြစ်နေပါပြီ ခင်ဗျာ"

အပ်ရောင်းသူ လုလင်၏မျိုးရိုးကို သိရသောအခါ ရွာသူကြီးသည် အလွန်ကျေနပ်ပြီး သူသိသမျှကို ရှင်းပြသည်။

"မောင်းမင်းရဲ့ဘေး ဘိုးသက်ရှည်ဆိုတာ ဘဘရဲ့ဆရာရဲ့ ဆရာကြီးပေါ့။ မင်းက ဒါကြောင့် အခုလို ပန်းပဲပညာကို အမွေရပြီး တော်တာကိုး။ ဘိုးသက်ရှည်ဟာ အဲဒီခေတ် က ဘုရင်မင်းတရားထံက 'တော်ဝင်ပန်းပဲ' ဘွဲ့တံဆိပ်ပါတဲ့ ရွှေစလွယ်ကိုရရှိတဲ့ နာမည်ကျော် ဆရာကြီးပဲ"

ထိုအခါ အပ်ရောင်းသူလုလင်၏ပညာစွမ်းနှင့် မျိုးရိုးဇာတိကို လေးစားခြင်းအားဖြင့် ရွာသူကြီးအိမ်တွင်ပင် ဧည့်သည်အဖြစ် တည်းခိုစေပြီး တစ်ရွာလုံးက ဝိုင်းဝန်းပြုစုကြသည်။

အပ်ရောင်းသူလုလင်သည် သူ တတ်ကျွမ်းသောပညာကို အသိအမှတ်ပြုခြင်း ခံရသဖြင့် ဝမ်းသာကြည်နူးလျက်ရှိသည်။ သူသည် ဤပန်းပဲရွာတွင် အပ်လာရောင်းခြင်းသည် မှန်ကန်သော လုပ်ရပ်ဖြစ်

mgyoe.com

mgyoe.com

ကြောင်း သူသဘောပေါက်ပြီး ဖြစ်သည်။

ရက်အနည်းငယ်ကြာသောအခါ ဆရာသူကြီးက လုလင်ပျိုထံမှအပ်ကို ဝယ်လိုကြောင်း စကားဆိုသည်။ ၎င်းပြင် ရွာသားများကိုလည်း အချိန်အားလျော်စွာ သံပညာ၊ ပန်းပဲပညာများ သင်ကြားပေးစေလိုကြောင်း ဆွေးနွေးသည်။ ထိုအခါ အပ်ရောင်းသူ လုလင်ပျိုသည် သူ၏ပညာကို တန်ဖိုးသိသော ဤရွာတွင် အခြေချရန် ဆုံးဖြတ်ပြီး လက်ခံလိုက်သည်။


သို့နှင့် အနေကြာလာသောအခါ ဆရာသူကြီး၏သမီး မာလာနှင့် ချစ်ခင်ရင်းနှီးလာရာမှ အိမ်ထောင်ကျသွားသည်။

ဆရာသူကြီး ကွယ်လွန်လေသော် အပ်ရောင်းသူ ပညာရှင်ပင် ပန်းပဲရွာ၏ ဆရာသူကြီး ဖြစ်လာလေသည်။

❐

mgyoe.com

mgyoe.com



mgyoe.com

## သူရဲကောင်း ဟာကြူလီ

ရှေးသရောအခါက ဂရိနိုင်ငံတွင် တန်ခိုးကြီးသော နတ်များနှင့် အလွန်ဆိုးသော တိုက်တင်အမည်ရှိ သတ္တဝါတို့ တိုက်ခိုက်ကြသည်။ တိုက်တင်တို့သည် တိုက်ခိုက်ရင်း ငလျင်များ လှုပ်အောင်၊ ရေလှိုင်းကြီးများ ဖြစ်ပေါ်အောင် လုပ်ကြသည်။ ထို့ကြောင့် မိုးကောင်းကင်ရှိ နတ်တို့၏ဘုရင် ဇီးယုနတ်မင်းကြီးသည် ထိုဆိုးသော တိုက်တင်တို့ကို မိုးကြိုးလက်နက်ဖြင့် ပစ်ခွင်းပြီး ဖမ်းဆီးကာ နတ်များနေထိုင်သော အိုလံပီယပ်တောင်တွင် အကျဉ်းချထားလိုက်သည်။

နှစ်ပေါင်းများစွာကြာသော် ဇီးယုနတ်မင်းကြီး၏ဇနီး ဟီရာနတ်သမီးတွင် သားတော်လေးဖွားမြင်သည်။ ထိုသားတော်သည် အလွန်သန်မာထွားကြိုင်းသောကြောင့် ဇီးယုနတ်မင်းကြီးသည် အလွန်ပျော်ရွှင်ကာ ဂုဏ်ယူလျက်ရှိသည်။ ထိုမင်းသားကို ဟာကြူလီဟု အမည်ပေးသည်။

ဟာကြူလီမင်းသားလေး ခေါင်းဆေးမင်္ဂလာပြုသောနေ့တွင် ဇီးယုနတ်မင်းကြီးက သားတော်အား နတ်မြင်းပျံ ပီဂါစပ်ကို လက်ဆောင်ပေးသည်။ ထိုပွဲတော်နေ့တွင် နတ်များအားလုံး ပျော်ရွှင်ကြသော်လည်း

mgyoe.com

mgyoe.com


မပျော်နိုင်သူတစ်ယောက် ရှိသည်။ ၎င်းမှာ မြေအောက်ကမ္ဘာရှိ နတ်မင်း ဟိတ် (ဒ) ဖြစ်သည်။

ဟိတ် (ဒ)သည် ဇီးယုပိုင်ဆိုင်သော ကောင်းကင်ဘုံကို သိမ်းပိုက်လိုသည်။ ထိုကောင်းကင်ဘုံရှိ အိုလံပီယပ်တောင်ကို သိမ်းပြီးပါက သူ၏တပည့် တိုက်တင်တို့အား လွှတ်ပေးမည်ဖြစ်သည်။ ထို့ကြောင့် ဟိတ် (ဒ) သည် သူ၏ရှေ့ရေးအတွက် ကံကြမ္မာနတ်သမီး ညီမသုံးဖော်ကို သွား၍ တွေ့သည်။ နတ်သမီးသုံးဖော်က နောင်နှစ်ပေါင်း ၁၈ နှစ်အကြာတွင် ဂြိုဟ်များ တစ်တန်းတည်းကျရောက်မည်ဖြစ်ပြီး ထိုအချိန်သည် ဇီးယုနတ်မင်းကြီး၏ တန်ခိုး အာဏာကျဆုံးမည်ဟု ပြောသည်။ ထိုအခါ ဟိတ်(ဒ)သည် ဘုရင်ဖြစ်လိမ့်မည်ဟု ပြောသည်။ သို့သော် သူတို့ဟောကိန်းကို လွဲနိုင်သည့်အချက်တစ်ချက်မှာ အကယ်၍ ဟာကြူလီက တိုက်တင်သတ္တဝါများကို တိုက်ခိုက်အနိုင်ယူနိုင်လျှင် ဟိတ်(ဒ)ဘုရင်မဖြစ်နိုင်တော့ဟူ၍ ဖြစ်သည်။

ထို့ကြောင့် ဟိတ်(ဒ)သည် ဟာကြူလီကို ဖယ်ရှားပစ်ရန် ကြံစည်သည်။ သူသည် နာကျင်ခြင်းနှင့် ကြောက်လန့်ခြင်းအမည်ရှိသော လူယုံတော် နှစ်ယောက်ကို လွှတ်၍ ဟာကြူလီကို ဆေးခတ်စေသည်။ ထိုအဆိပ်ခတ်ထားသော နို့ကို သောက်ပြီးပါက ဟာကြူလီသည် လူသားဖြစ်သွားမည် ဖြစ်သည်။

နာကျင်ခြင်းနှင့် ကြောက်လန့်ခြင်းဟူသော လူယုံတော် နှစ်ယောက်တို့သည် ဟာကြူလီလေးကို ခိုးယူကာ လူ့ပြည်သို့ ခေါ်ဆောင်လာကြသည်။ ပြီးလျှင် ဟိတ်(ဒ)ပေးထားသော အဆိပ်ကို တိုက်လေသည်။ ထိုစဉ် အသက်အရွယ်ကြီးပြီး စိတ်ထားကောင်းသော လင်မယားနှစ်ယောက် ရောက်ရှိလာ၍ နာကျင်ခြင်းနှင့် ကြောက်လန့်ခြင်းတို့ နှစ်ယောက်က ကလေးကို ထားခဲ့ပြီး ထွက်ပြေးသွားသည်။

mgyoe.com

mgyoe.com


ထိုလင်မယားနှစ်ယောက်သည် ငိုနေသောကလေးကို ကောက်ချီပြီး သူတို့၏အိမ်သို့ ခေါ်ဆောင်သွားသည်။ သူတို့သည် ကလေး၏ လည်ပင်းတွင် ဆွဲထားသော ရွှေဆွဲကြိုးနှင့် အမှတ်တံဆိပ်တို့ကြောင့် ဤကလေးသည် သာမန်ကလေးတစ်ယောက် မဖြစ်နိုင်ကြောင်း စဉ်းစားမိသည်။ ၎င်းပြင် ဟာကြူလီသည် သူ့ကို လူအသွင်ပြောင်းစေမည့် အဆိပ်များကို အကုန်မသောက်မိသဖြင့် သူ၏မူရင်းမျိုးနွယ်နတ်တို့၏ သန်စွမ်းမှုကို ပိုင်ဆိုင်လျက် နတ် မဟုတ်တော့သော လူသားဖြစ်နေသည်။

ကလေးမရှိသော လင်မယားနှစ်ယောက်သည် ဟာကြူလီကို ကောင်းစွာ စောင့်ရှောက်ထားသည်။ ဟာကြူလီ အရွယ်ရောက်လာသော် လူသားကလေးများနှင့် ကွဲပြားကာ သူ၏ သန်စွမ်းမှုကြောင့် ပြဿနာဖြစ်ရသည်။ ထိုအခါ ဟာကြူလီမှာ ပတ်ဝန်းကျင်တွင် အဆင်မပြေသဖြင့် စိတ်ဒုက္ခရောက်ရသည်။

ထိုအခါ ဟာကြူလီ၏ မွေးစားမိဘများသည် ဟာကြူလီအား အကြောင်းစုံကို ရှင်းပြသည်။ ဟာကြူလီကို သူတို့ကောက်ရစဉ်က ဟာကြူလီ၏ လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးကိုလည်း ပြန်ပေးသည်။

ဟာကြူလီသည် သူ၏ဆွဲကြိုးကိုတွေ့သော် သူ၏ဖခင် ဇီးယုနတ်မင်းကြီး၏ ကျောက်ရုပ်ရှေ့တွင်ရပ်ကာ သူ၏အဖြစ်ကို တိုင်တည်ပြောဆိုသည်။ ထိုအခါ လျှပ်စီးများလက်ပြီး ဇီးယုနတ်မင်းကြီး ကိုယ်ထင်ပြလာသည်။ သူက ဟာကြူလီသည် သူ၏သားဖြစ်ကြောင်း ပြောဆိုသည်။ ၎င်းပြင် အကယ်၍ ဟာကြူလီသည် ယခု သူရောက်ရှိနေသော ကမ္ဘာရှိ လူသားများ၏ အခက်အခဲများ၊ ကောင်းကျိုးများကို ဆောင်ရွက်ပြီး သူရဲကောင်း တစ်ယောက်လို စွမ်းဆောင်နိုင်ခဲ့လျှင် သူ၏ မူလနေရာဖြစ်သော အိုလံပီယပ်တောင်သို့ ပြန်ခေါ်မည်ဟု ပြောသည်။

mgyoe.com

mgyoe.com



mgyoe.com


ဇိုးယုနတ်မင်းကြီးသည် ဟာကြူလီငယ်စဉ်က လက်ဆောင်ပေးခဲ့သော နတ်မြင်းပျံ ပီဂါစပ်ကိုပေး၍ ဒီသာပါမောက္ခ ဆရာကြီး ဖီလိုတက်ကို သွားတွေ့ရန် ပြောသည်။ ဆရာကြီး ဖီလို တက်က ဟာကြူလီအား လက်ရုံးရည်နှင့် နှလုံးရည်နှင့်ဆိုင်သော အတတ်ပညာများကို သင်ပေးသည်။ ပညာများ သင်ကြားတတ်မြောက်စေပြီးသော် ဆရာကြီးဖီလိုတက်သည် ဟာကြူလီအား သီဘီမြို့သို့ ခေါ်သွားသည်။

လမ်းတွင် လူတစ်ဝက် မြင်းတစ်ဝက်ဖြစ်နေသော သတ္တဝါကြီးက မိန်းကလေးတစ်ယောက်အား နှိပ်စက်နေသည်ကို တွေ့သည်။ ဟာကြူလီသည် ထိုမိန်းကလေးအား ကယ်တင်ခဲ့သည်။ ဤတိုက်ပွဲသည် ဟာကြူလီ၏ အင်အားကို ပထမဆုံးသုံး၍ တိုက်ရသောပွဲ ဖြစ်သည်။

သူကယ်တင်လိုက်သော မိန်းကလေးမှာ မက်ဂါရာဖြစ်သည်။ ဟာကြူလီသည် မက်ဂါရာကို တွေ့တွေ့ချင်း ချစ်သွားသည်။ ထိုမက်ဂါရာသည် ဟာကြူလီ၏ရန်သူ ဟိတ်(ဒ)၏ တပည့်မဖြစ်သည်။ ဟာကြူလီနားတွင်နေ၍ ထက်ကြပ်မကွာ လိုက်၍ ကြည့်နေစေရန် လွှတ်ထားခြင်းဖြစ်သည်။ ဟာကြူလီသည် ဂရိနိုင်ငံတစ်ဝန်းတွင် လူအများကို ကူညီလျက် ရှိသည်။ ထို့ကြောင့် လူအများ၏ အားကိုးအားထား သူရဲကောင်း ဖြစ်လာသည်။

ဟိတ်(ဒ)သည် ဟာကြူလီအား ဖယ်ရှားပစ်ရန်အတွက် သူ၏ တပည့် ဟီဒရာနှင့် တိုက်ခိုက်စေသည်။ ဟာကြူလီအတွက် ဟီဒရာသည် မပြောပလောက်ချေ။ ထိုအခါ ဟိတ်(ဒ)သည် အလွန်စိတ်ဆိုးလေသည်။ ထို့ကြောင့် ဟာကြူလီ၏ အားနည်းချက်ကို ရှာလေသည်။ ဟာကြူလီ၏ အားနည်းချက်ကို ကြာကြာ မရှာလိုက်ရပါ။ သူလျှိုအဖြစ် လွှတ်ထားသော တပည့်မ မက်ဂါရာနှင့် ဟာကြူလီတို့ ချစ်နေကြောင်း သူသိသွား

mgyoe.com

mgyoe.com


သည်။ ထိုအချက်ကို ဟိတ်(ဒ်) အသုံးချရမည် ဖြစ်သည်။

ဟိတ်(ဒ)က မက်ဂါရာကို ထိခိုက်ဒဏ်ရာ မရစေလိုလျှင် ဟာကြူလီသည် သူ၏ အားများကို ၂၄ နာရီတိုင်တိုင် လုံး၀ စွန့်ပစ်ရမည်ဟု တောင်းဆိုသည်။ ဟာကြူလီသည် သူချစ်သော မက်ဂါရာ တစ်ခုခုဖြစ်မည်ကို မလိုလား၍ ဟိတ်(ဒ)၏တောင်းဆိုချက်ကို လက်ခံလိုက်သည်။

ဟာကြူလီ၏ အင်အားများကို ၂၄ နာရီတိတိ စွန့်လွှတ်ထားမည်ဖြစ်သောကြောင့် ဟိတ်(ဒ)သည် ဟာကြူလီ၏ရန်ကို ကြောက်စရာမလိုတော့ပါ။ ထို့ကြောင့် အိုလံပီယပ်တောင်ရှိ အကျဉ်းချထားသော တိုက်တင်တို့ကို လွှတ်ပစ်ပြီး ဇီးယုနတ်မင်းကြီးကို တိုက်စေသည်။ ဟာကြူလီကို တိုက်ရန်မူ မျက်လုံးတစ်လုံးတည်းရှိသော ဆိုက်လုပ်ဘီလူကြီးကို ချန်ထားသည်။

ဆိုက်လုပ်ဘီလူးကြီးသည် ဟာကြူလီနှင့် သီဘီမြို့ကို ဖျက်ဆီးရန် သွားသည်။ ဟာကြူလီမှာ အင်အားမရှိတော့သဖြင့် မျက်လုံးတစ်ဖက်တည်းရှိသော ဆိုက်လုပ်ကို မတိုက်ခိုက်နိုင်ချေ။ ဆိုက်လုပ် နှိပ်စက်သမျှခံနေရသည်။ ထိုကဲ့သို့ တိုက်ခိုက်ရင်း ဆိုက်လုပ်သည် အနိုင်ရဖို့ ဖြစ်နေချိန်တွင် ဟာကြူလီသည် မီးလောင်နေသော သစ်ကိုင်းတစ်ခုကို ရရှိသွားသည်။ ထို့ကြောင့် ဟာကြူလီသည် ထိုသစ်ကိုင်းဖြင့် ဆိုက်လုပ်၏ မျက်လုံးကို တိုက်ခိုက်ရာ ဆိုက်လုပ်သည် မမြင်မစမ်းနှင့် ပင်လယ်ထဲသို့ ကျသွားသည်။ ဤတိုက်ပွဲတွင် ဟာကြူလီသည် လက်ရုံးရည်မပါဘဲ နှလုံးရည်ကို အသုံးပြုကာ အောင်မြင်ခြင်းဖြစ်သည်။

ဆိုက်လုပ်ကို အောင်နိုင်သဖြင့် ပျော်ရွှင်နေစဉ် အက်ကြောင်းများရှိသော တိုင်တစ်ခုသည် ဟာကြူလီရှိရာဘက်သို့ လဲလာသည်။ ထိုအချိန်တွင် ဟာကြူလီ၏ချစ်သူ မက်ဂါရာသည် ရောက်ရှိလာပြီး တိုင်ပြိုလဲသည်ကို တွေ့သွားသည်။ မက်ဂါရာသည် ဟာကြူလီအား အန္တရာယ်မှ

mgyoe.com

mgyoe.com


လွတ်ကင်းရာသို့ တွန်းလိုက်သည်။ ထို့ကြောင့် ထိုတိုင်ကြီးသည် မက်ဂါရာ ပေါ်သို့ ကျလာသည်။

မက်ဂါရာအပေါ်သို့ တိုင်ပြုတ်ကျသည့်အချိန်သည် ဟာကြူလီ နှင့် ဟိတ်(ဒ)တို့ ကတိပြုထားသော ၂၄ နာရီပြည့်သည့်အချိန် ဖြစ်သည်။ ထို့ကြောင့် ဟာကြူလီတွင် အင်အားများ ပြန်၍ရလာသည်။ ဟာကြူလီ သည် မက်ဂါရာကို သူ၏ဆရာကြီး ဖီလိုတက်ထံ အပ်နှံထားပြီး သူ့ဖခင်နှင့် ဆွေမျိုးများကို ကယ်တင်ရန် အိုလံပီယပ်တောင်သို့ ခရီးနှင်ခဲ့ သည်။ ဟာကြူလီသည် တိုက်တင်တို့ကို အနိုင်ရပြီး ပြန်လာချိန်တွင် ဟိတ်(ဒ)သည် မက်ဂါရာအား ချောက်ကြီးထဲသို့ တွန်းချလိုက်သည်။ ဟာကြူလီသည် မက်ဂါရာအား ကယ်တင်ရန် ချောက်ထဲသို့ ခုန်ချပြီး လိုက်သွားသည်။ ဟိတ်(ဒ)သည် သူရဲကောင်းဟာကြူလီ ချောက်ထဲ ခုန်ဆင်းသည်ကို ကြည့်၍ ဝမ်းသာအားရဖြစ်နေသည်။ အဘယ်ကြောင့် ဆိုသော် ထိုသေမင်းတမန်ချောက်ထဲသို့ ကျရောက်သွားသူတို့သည် အသက်ရှင်ပြီး ပြန်လာသည်ဟူ၍ တစ်ခါမျှ မရှိဖူးသောကြောင့်ဖြစ်သည်။ ဟာကြူလီသည် မက်ဂါရာကျသွားသော ချောက်ထဲသို့ ဆင်းလာစဉ် အားအင်များ ကုန်ခန်းလာသည်။ သေလုနီးပါးဝေဒနာ ခံစားနေရသည်။


ပုံပြင်၏အဆုံးတွင် ဟာကြူလီသည် သူ၏ အင်အားဖြင့် မက်ဂါရာကို ကယ်တင်နိုင်ခဲ့သည်။ သူသည် အလွန်အင်အားကြီးသော သူရဲကောင်းတစ်ယောက်ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်။ သို့သော် ဟာကြူလီသည် သူ့ဖခင် ဇီးယုနတ်မင်းကြီးထံသို့ ပြန်မသွားဘဲ လူ့ပြည် တွင်ပင် နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် မက်ဂါရာနှင့်အတူ ပျော်ရွှင်စွာ နေထိုင်သွားလေသည်။

❒

mgyoe.com

mgyoe.com

# သူငယ်ချင်းသစ်များ



mgyoe.com


# သူငယ်ချင်းသစ်များ

မောင်မောင်သည် တစ်ဦးတည်းသောသားဖြစ်သည်။ သူ သည် ကျောင်းရှိသူငယ်ချင်းများကို အလွန်ခင်သည်။ ကျောင်းအားရက်များတွင် အိမ်ရှိစာအုပ်များဖတ်၍လည်းကောင်း၊ ကျောင်းစာများကိုလုပ်၍ လည်းကောင်း အချိန်ကုန်သည်။ ထိုကဲ့သို့သော အချိန်များတွင် မောင် မောင် သည် သူ၏သူငယ်ချင်းများကို အလွန် သတိရသည်။

တစ်ခုသော ညနေခင်းတွင် မောင်မောင်၏ဖခင်သည် ရန်ကုန်မှ ပုသိမ်သို့ ပြောင်းရမည်ဖြစ်ကြောင်း ပြောသည်။ မောင်မောင် စိတ်ပျက် သွားမိသည်။ သူ အလွန်ခင်သော သူငယ်ချင်းများနှင့်ခွဲရမည်ကို သူ မလိုလားပါ။ ၎င်းပြင် သူငယ်ချင်းအသစ်များနှင့် ပေါင်းရမည်ကိုလည်း ကြောက်ရွံ့လျက်ရှိသည်။

သူ၏ဖခင်က သားဖြစ်သူကို ပုသိမ်မြို့အကြောင်း ယခုလို ရှင်းပြ သည်။

"ဖေဖေတို့ အခုပြောင်းရမယ့်ပုသိမ်မြို့ကို ရန်ကုန်ကနေ သင်္ဘော ကြီးစီးပြီး သွားရမယ်။ ကားနဲ့သွားရင်လည်းရပေမဲ့ ဖေဖေတို့က ပစ္စည်း တွေအများကြီးနဲ့ ပြောင်းတာဆိုတော့ ရေလမ်းက အဆင်ပြေလို့ သင်္ဘော

mgyoe.com

mgyoe.com


စီးသွားမှာ။ သားက သင်္ဘောတစ်ခါမှ မစီးဖူးဘူး မဟုတ်လား"

မောင်မောင်သည် သင်္ဘောမစီးဖူးဘူးသည်မှာ မှန်သော်လည်း သူ့သူငယ်ချင်းများနှင့် ခွဲရမည်ကိုသာ စိတ်မကောင်းဖြစ်သည်။

ထို့ကြောင့် "သား ရန်ကုန်မှာပဲနေချင်တယ်။ သား သူငယ်ချင်းတွေလည်း မခွဲနိုင်ဘူး။ ခွေးကလေး ညိုလုံးကိုလည်း သားသား မခွဲနိုင်ဘူး" ဟု ပြောသည်။

သူ့ဖခင်က "ပုသိမ်မှာ သားသူငယ်ချင်းအသစ်တွေ တွေ့မှာပေါ့။ ညိုလုံးကိုတော့ ဖေဖေတို့ ခေါ်သွားမှာပေါ့" ဟုပြောသည်။

သူ့ဖခင်သည် စကားဆုံးသည်နှင့် အိမ်ထဲဝင်ကာ ပြောင်းရွှေ့ဖို့ ကိစ္စပြင်ဆင်ပြီး အလုပ်ရှုပ်နေသည်။

မောင်မောင်သည် ခြံထဲဆင်းပြီး ညိုလုံးကို ရှာလေသည်။ မောင်မောင်က "ညိုလုံး ရေ၊ ညိုလုံး... အို့အို့အို့" ဟုခေါ်လျှက်ရှိရာ မကြာခင် ခွေးကလေး ညိုလုံးသည် မောင်မောင်ရှိရာသို့ ပြေးလာသည်။ မောင်မောင်သည် တုတ်ချောင်းတစ်ချောင်းကိုကောက်ပြီး အဝေးသို့ ပစ်လိုက်သည်။ ခွေးကလေးညိုလုံးသည် တုတ်ကို ကိုက်ချီ၍ ပြန်လာသည်။

မောင်မောင်သည် ညိုလုံးအားဖက်ရင်း စကားပြောနေသည်။

"ညိုလုံးရေ... မင်းရော ရန်ကုန်မှာပျော်တယ်မဟုတ်လား။ ဟိုကျရင် သူငယ်ချင်းသစ်တွေ တွေ့မယ်လို့ မေမေတို့က ပြောတယ်။ ငါတော့ ဒီရန်ကုန်က ငါ့သူငယ်ချင်း ထွန်းထွန်းတို့ကိုပဲ ခင်တယ်ကွာ။ မင်းရော ဟိုဘက်အိမ်က ဘလက်ကီကိုပဲ ခင်တယ် မဟုတ်လား"

ခွေးလေး ညိုလုံးသည် မောင်မောင်ပြောသမျှကို သဘောတူသကဲ့သို့ တဝုတ်ဝုတ် နှင့် ပြန်ဖြေနေသည်။

*

mgyoe.com

mgyoe.com


မောင်မောင်တို့မိသားစုသည် ရန်ကုန်ဆိပ်ကမ်းမှ ဇဗ္ဗုလသင်္ဘော ကြီးစီးကာ ပုသိမ်သို့ ပြောင်းခဲ့သည်။ ပုသိမ်မြို့သို့ နောက်တစ်နေ့မနက် တွင် ရောက်လေသည်။

ပုသိမ်သို့ရောက်ပြီး နောက်ရက်များတွင် သူ၏ဖခင်မှာ ကျောင်း ကိစ္စများဖြင့် မအားသလို သူ၏မိခင်မှာလည်း ပစ္စည်းများ နေရာချရသည့် အလုပ်၊ ချက်ပြုတ်ရသည့်အလုပ်များနှင့် မအားလပ်ချေ။ မောင်မောင် ကိုယ်တိုင်လည်း ကစားစရာအရုပ်များ၊ ကျောင်းစာအုပ်များနှင့် သူ၏ ကာတွန်းစာအုပ်များကို နေရာတကျထားရင်း အလုပ်ရှုပ်နေသည်။

မောင်မောင်သည် အလုပ်ပြီးသောအခါ သူ၏မိတ်ဆွေ ခွေးလေး ညိုလုံးကို သတိရလာသည်။ ထို့ကြောင့် အိမ်အောက်သို့ ဆင်းခဲ့သည်။ ညိုလုံးကို မျက်စိတစ်ဆုံးရှာလို့မတွေ့ဘဲ ဖြစ်နေသည်။ မောင်မောင်သည် ညိုလုံး၏နာမည်ကို တကြော်ကြော်ခေါ်၍ လိုက်ရှာသည်။

ထိုစဉ် မောင်မောင်တို့ ခြေရင်းအိမ်မှ မောင်မောင်နှင့် ရွယ်တူ ကလေးတစ်ယောက် သူ့ကို စိုက်ကြည့်နေသည်ကို တွေ့ရသည်။ မောင် မောင်သည် ထိုကလေးထံ လျှောက်သွားသည်။ ပြီးလျှင် သူကပင်စ၍ စကားပြောသည်။

"တို့ခွေးလေး ညိုလုံးပျောက်သွားလို့ တွေ့မိသလားဟင်"

ထိုကလေးလေးသည် ပါးချိုင့်ပေါ်အောင် ပြုံးပြလိုက်ရင်း ပြန်ဖြေ သည်။

"နင့်ခွေးနာမည်က ညိုလုံးတဲ့လား။ ငါ့ခွေးက နှာကျားလို့ ခေါ်တယ်"

"ဟုတ်လား၊ တို့စောစောကအိမ်ပေါ်မှာ စာအုပ်တွေ ရှင်းနေတုန်း သူပျောက်သွားတာ"

"ရှိမှာပါကွာ။ နင်ကလည်း မစိုးရိမ်ပါနဲ့။ ဒါနဲ့ နင်က ရန်ကုန်က ပြောင်းလာတာဆို"

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

"ဟုတ်တယ်။ မင်းက အဲဒီအိမ်ကလား"

"အေး၊ ငါ့နာမည် စောလာအယ်တဲ့။ နင့်နာမည်ကရော"

"တို့နာမည်က မောင်မောင်တဲ့။ မင်းနာမည်က အဆန်းပဲနော်"

"ငါက ကရင်လူမျိုးကွ။ ဒါကြောင့် ငါ့နာမည်က အဲဒီလိုဖြစ်နေတာ။ နင် ဘယ်နှတန်းလဲ။ ငါက ဒီနှစ် တစ်တန်းတက်ရမှာ"

"တို့က ဒီနှစ် နှစ်တန်းတက်ရမှာကွ"

"ဒါဆို နင်က ငါ့ထက် တစ်တန်းကြီးတာပေါ့။ နင့်ခွေးကို ငါလိုက်ရှာပေးမယ်လေ။ ဟိုဘက်ကိုများသွားသလား မသိဘူး"

မောင်မောင်သည် စောလာအယ်နှင့် စကားကောင်းနေသဖြင့် ခွေးပျောက်ရှာရန်ပင် မေ့သွားသည်။ စောလာအယ်ပြောလိုက်မှ သတိရလာပြီး နှစ်ယောက်သား တစ်ယောက်လက် တစ် ယောက်ဆွဲကာ ခွေးပျောက်ရှာရန် ထွက်လာခဲ့ကြသည်။

သူတို့နှစ်ယောက် စကားတပြောပြောနှင့် လမ်းလျှောက်လာစဉ် လမ်းတွင် လေးခွကိုယ်စီနှင့် ကလေးနှစ်ယောက်ကို တွေ့လေသည်။

ကလေးနှစ်ယောက်အနက် အကြီးဖြစ်သူက "ဟေ့... စောလာအယ် မင်းဘယ်သွား မလို့လဲကွ" ဟု နှုတ်ဆက်သည်။

"ငါ ဒီကောင့်ရဲ့ခွေးကို ရှာပေးမလို့ကွ"

"သူက ဘယ်သူလဲ"

"ငါတို့ အိမ်ဘေးနားပြောင်းလာတဲ့ ရန်ကုန်က လူသစ်ပါ။ သူ့နာမည်က မောင်မောင်တဲ့"

မောင်မောင်သည် သူငယ်ချင်းသစ်များ၏ မျက်နှာကို ကြည့်ရင်း ပျော်ရွှင်လာသည်။

"ဟေ့မောင်မောင်။ ဒါ ငါ့သူငယ်ချင်းတွေကွ။ သူက မိုးကောင်း၊ သူက မိုးဆောင်း။ သူတို့နှစ်ယောက်က ညီအစ်ကိုကွ။ ငါ့ထက် အတန်း

mgyoe.com

ကြီးတယ်။ မိုးကောင်းက နင်နဲ့အတန်းတူမယ်"

"မင်းတို့က တစ်ကျောင်းတည်းလား"

"ဟုတ်တယ်။ ငါတို့တွေ ဒီကောလိပ်ထဲက မူလတန်းကျောင်းမှာ အတူတူတက်တာ။ ငါက လေးတန်း၊ သူကနှစ်တန်း။ မင်းကရော ဘယ်နှတန်းလဲ"

"တို့က ဒီနှစ် နှစ်တန်းတက်ရမှာ။ ခင်ဗျားရဲ့ညီနဲ့ အတန်း တူတူပဲပေါ့"

သူတို့အုပ်စုထဲတွင် အကြီးဆုံးဖြစ်သော မိုးဆောင်းက "စောစောက မင်းခွေးပျောက်လို့ဆို။ ငါတို့လည်း လိုက်ရှာပေးမယ်လေ။ လာ ဟိုဘက်သွားရအောင်" ဟုပြောလိုက်သည်။

သို့နှင့် သူငယ်ချင်းအသစ်ရှာရမှာ ကြောက်သော မောင်မောင်သည် သူငယ်ချင်းသစ်သုံးယောက်နှင့်အတူ ညိုလုံး၏ နာမည်ကို တကြော်ကြော်ခေါ်ရင်း ဆက်၍လျှောက်လာကြသည်။

မိုးကောင်းက "ဟိုဘက်က ဘုရားဘက်များ သွားလားမသိဘူး" ဟုပြောလိုက်ရာ သူတို့ တပျော်တပါးဖြင့် မောင်မောင်တို့အိမ် ရှိရာဘက်ဆီသို့ ပြန်လှည့်လာကြသည်။ ဘုရားမှာ မောင်မောင်တို့ အိမ်ကို ကျော်၍သွားရသည်။ မောင်မောင်တို့အိမ်ဆီးမှ ဖြတ်စဉ် မောင်မောင်၏မိခင်က "သားရေ... အောင်မယ် သားက သူငယ်ချင်းတွေ အများကြီးရနေပါလား။ ဒီမှာ ညိုလုံးရယ်။ မေမေ့ဆီမှာ ထမင်းလာတောင်းနေတာနဲ့ အရိုးကျွေးထားတယ်။ မီးဖိုဘက်မှာ" ဟု လှမ်း၍ပြောလိုက်သည်။

မောင်မောင်က ဝမ်းသာအားရဖြင့် "ဟုတ်လား မေမေ။ သားတို့ ဒီကောင့်ကို လိုက်ရှာမလို့လာကြတာ" ဟု ပြောလိုက်သည်။

စကားဆုံးသည်နှင့် သူ့မိခင်၏ပြန်ဖြေသံကိုပင် နားမထောင်တော့ဘဲ သူ့သူငယ်ချင်းသစ်များသို့လှမ်း၍ လာကြပော့။ တို့အိမ်နောက်

mgyoe.com

mgyoe.com

ဘက်ကို သွားကြရအောင်။ ဟိုမှာ မာလကာပင်ရှိတယ်။ တို့တွေ မာလကာပင်ပေါ် တက်ကစားရအောင်" ဟု ပြော လိုက်သည်။

သူငယ်ချင်းသစ်များဖြင့် မောင်မောင်သည် ပျော်၍ နေလေသည်။

❑

mgyoe.com

mgyoe.com

